

# နတ်ဘုရားမျက်လုံး

(ရှလေ)

စာစဉ် (၁၆)

(Chapter 226 - 240)

ဘာသာပြန် စာရေးဆရာ – Tai Venus

# အပိုင်း (၂၂၆)

# မျက်ရည်စက်များ

BMW M6ကားသည် လူသူကင်းမဲ့သော မြစ်ကမ်းနံဘေး နေရာတစ်ခု၌ ရပ်တန့်၍သွားသည်။ ထိုနေရာတွင် ရှည်လျားသော ကျူပင်များ ထူထပ်စွာ ပေါက်နေသည့်အတွက် လူမြင်ကွင်းမှ ကောင်းစွာ ကွယ်ပျောက်နေနိုင်သည်။ ထို့ကြောင့် ရှုလေသည် ထိုနေရာတွင် စိတ်ချလက်ချ ရပ်နားလိုက်ခြင်းဖြစ်သည်။

ကားပေါ်မှ ဆင်းလိုက်ပြီး ကျူတောကိုဖြတ်ကာ မြစ်ကမ်းနံဘေးသို့ လျှောက်လာခဲ့သည်။ ထို့နောက် မြစ်ရေဖြင့် မျက်နှာပေါ် ပေစွန်းနေသည့် သွေးစများကို ဖယ်ရှင်းလိုက်သည်။ မြစ်ရေသည် အရိုးခိုက်သည်ထိပင် အေးစက်လွန်းလှသည်။ ထိုစဉ် သူ၏ခေါင်းထဲ၌ အတွေးတစ်ခု ဝင်လာသည်။

သူနှင့် ယာ့ဗ်ဂန်နီယာ တွေ့ဆုံမည့်အကြောင်းနှင့် တွေ့ဆုံမည့်နေရာကို မည်သူ့ကိုမှ အသိပေးခဲ့ခြင်း မရှိပါ။

သို့သော်လည်း ထိုတွေ့ဆုံမည့်အကြောင်းအား မေးမြန်းသူ ဟူ၍ တစ်ယောက်သာလျှင်ရှိသည်။ ထိုသူမှာ လိုင်စစ်ယောင်’ပင် ဖြစ်သည်။

သူ၏ခေါင်းကို ခါယမ်းလိုက်ပြီး တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ လိုင်စစ်ယောင် မဖြစ်နိုင်ဘူး။ သူက ဘာလို့ ဒီလို

လုပ်ရမှာလဲ။ လုံပိန်က အစတုန်းကပဲ သူ့ကို သံသယရှိတာပါ။ အခု သံသယရှိတဲ့ စာရင်းကနေ ဖယ်ပြီးသွားပါပြီ။ ဟုတ်တယ်မလား။ သူ မဟုတ်ပါဘူး။ သူ လုပ်နိုင်စရာလည်း...."

လိုင်စစ်ယောင်သည် ယာ့ဗ်ဂန်နီယာအား သေစေခဲ့သူ ဖြစ်နိုင်ပါ၏လော။ သူ ထိုအကြောင်းကို ဆက်စဉ်းစားချင်စိတ် မရှိတော့ပါချေ။ မဖြစ်နိုင်ဘူးဟူ၍သာ ယုံကြည်ထားလိုက်သည်။ လိုင်စစ်ယောင်သည် သူအရမ်းချစ်ရသော မိန်းကလေးဖြစ်ပြီး လက်ထပ်ပြီးနောက် သားသမီးများနှင့် မိသားစုဘဝကို တည်ဆောက်မည်ဟူ၍ပင် ပြောဆိုစီစဉ်နေခဲ့ကြသည် မဟုတ်ပါလော။ သူ၏ ပိုင်ဆိုင်မှု မှန်သမျှနှင့် ချမ်းသာဆင်းရဲ အခက်အခဲဟူသမျှကိုလည်း သူမနှင့် မျှဝေခံစားပြီး ဘဝတစ်ခုကို ဖြတ်သန်းသွားဖို့ ဆန္ဒရှိခဲ့သည်။ လိုင်စစ်ယောင်သည် အဘယ်အကြောင်းကြောင့် သူ့အပေါ်ကို သစ္စာဖောက်ရပါမည်နည်း။

သို့သော် ထိုလူက လိုင်စစ်ယောင် မဟုတ်ပါလျှင် အခြား မည်သူ ဖြစ်နိုင်သနည်း။

ရှလေသည် ယာ့ဗ်ဂန်နီယာ၏ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သည်။ အထဲတွင် တရုတ်ငွေတချို့အပြင် ရုရှားနှင့် အမေရိကန်ငွေကြေးများလည်း ရှိနေခဲ့သည်။ ထို့အပြင် ဟိုတယ်ကဒ်တစ်ခုနှင့် အင်္ဂလိပ်ချိကဒ်တစ်ခုလည်း ပါရှိသည်။

ထိုချိကဒ်ပေါ်တွင် "ယာယီဖြတ်သန်းခွင့်"ဆိုသည့် စာတန်းရိုက်နှိပ်ထားသည်ကို တွေ့ရသည်။ နောက်ဘက်ကို လှန့်ကြည့်လိုင်ရာ ‘AE’ဟူသည့် အမည်းရောင် စာလုံးနှစ်ခုကို မြင်တွေ့သည်။

ရှလေသည် သူမြင်ဖူးသမျှ အကြောင်းအရာများအားလုံးထဲမှ ‘AE’ဟူသည့် စာလုံးနှင့် ဆိုင်သည့် အကြောင်းအရာကို စဉ်းစားဖော်ထုတ်ကြည့်

လိုက်သည်။ နောက်ဆုံးတွင် သူသိလိုက်သည့် အရာကြောင့် အံ့အားသင့်သွားသည်။ 'AE'သည် အင်တာနက်တွင် လူကြိုက်များသည့် ဗီဒီယိုဖြတ်ညှပ်ဆော့ဖ်ဝဲတစ်ခုသာ ဖြစ်သည်။

"ယာယီဖြတ်သန်းခွင့်ကဒ်က ဘာလို့ 'AE'နာမည်ကြီးနဲ့ ဖြစ်နေတာလဲ"

သူ၏ခေါင်းကို ခါယမ်းလိုက်သည်။ သူသည် ထိုစာလုံးနှစ်ခု၏အကြောင်းကို သိမြင်ဖူးသမျှနှင့် ယှဉ်တွေးကာ စဉ်းစားကြည့်သည်။ သို့သော် ဘာတစ်ခုမှ ရှာမတွေ့ပေ။ ထို့နောက် ဘယ်ဘက်မျက်လုံး၏မှတ်ဉာဏ်ဖြင့် အင်္ဂလိပ်အဘိဓာန်ထဲမှ A၊ Eနှင့် စသည့် စာလုံးများအားလုံးကို မြင်ယောင်ကာ အဓိပ္ပာယ် ဖော်ထုတ်နိုင်ဖို့ ကြိုးစား ကြည့်နေခဲ့သည်။

နာရီဝက်ကြာပြီးနောက်တွင်တော့ သူ လက်လျှော့လိုက်ရသည်။ စာလုံးပေါင်းများစွာဖြင့် ပေါင်းစပ်ပြီး အဓိပ္ပါယ်အမျိုးမျိုး ဖော်ထုတ်ကြည့်သော်လည်း ဖြစ်နိုင်ချေကို ရှာမတွေ့ခဲ့ပေ။

ရှုလေသည် ဟိုတယ်ကဒ်နှင့် ချိကဒ်ကို ထုတ်ထားလိုက်သည်။ သွေးစွန်းနေသည့် သူ၏ ဂျာကင်အင်္ကျီနှင့် ဘောင်းဘီကို ချွတ်လိုက်ပြီးပိုက်ဆံအိတ်နှင့်အတူ မီးပုံရှို့ပစ်လိုက်သည်။ ပိုက်ဆံအိတ်နှင့် အဝတ်ကို မီးရှို့ပြီးနောက် ကျန်သည့် ပြာပုံကိုလည်း မြစ်ထဲမျှောပစ်လိုက်သည်။ နောက်ဆုံးတွင် ကိုယ်ပေါ်၌ အောက်ခံဘောင်းဘီတိုနှင့် ခြေအိပ်သာ ကျန်တော့သည်။ ထို့နောက် ကားပေါ်ပြန်တက်ကာ မြို့ဆီသို့ ဦးတည်၍ မောင်းနှင်လာခဲ့သည်။

သူ အိမ်သို့ ပြန်ရောက်ချိန်တွင် သန်းခေါင်းယံ ရောက်လုနီးပြီဖြစ်သည်။ ရှုရွှယ်သည်လည်း အိပ်မောကျနေခဲ့ပြီး ဖြစ်သည်။ သူသည် တီဗီတင်သည့်ဗီရိုနားသို့ လျှောက်သွားပြီး မိသားစုဓာတ်ပုံကို ဖယ်လိုက်သည်။

ဖန်ပုလင်းတစ်လုံးသည်ယခင်အတိုင်း ရှိနေပြီး အထဲတွင် ဆေးတစ်လုံးမှာလည်း ဟန်မပျက် ရှိနေသေးသည်ကို တွေ့ရသည်။

သူ၏ အိပ်ခန်းထဲသို့ ဝင်လာပြီးနောက် အိပ်ယာထက်၌ လဲလျောင်းကာ ဖန်ပုလင်းထဲက ဆေးလုံးကို စိုက်ကြည့်နေခဲ့သည်။ မေးခွန်းတစ်ခု ခေါင်းထဲတွင် ထွက်ပေါ်လာသည်။ - ငါ ဒါကို စားရမှာလား၊ မစားရဘူးလား။

ထိုအချိန်တွင် သူ၏ ဖုန်းမှ မြည်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ရှုလေသည် ဖုန်းမျက်နှာပြင်ကို ကြည့်လိုက်ရာ'အိမ်ရှင်မ'ဟူသည့် စာတန်းကို တွေ့လိုက်ရသည်။ လိုင်စစ်ယောင်ပင် ဖြစ်သည်။

ရှုလေသည် လိုင်စစ်ယောင်ဆီမှ ဖုန်းလာလျှင် အမြဲပျော်ရွှင်နေလေ့ရှိခဲ့သော်လည်း ဤတစ်ကြိမ်တွင်မူ ယခင်နှင့် မတူတော့ပေ။ သူ၏ ခံစားချက်မှာ အနည်းငယ် ထူးဆန်းနေခဲ့သည်။

သူသည် ဖုန်းကို ကောက်ကိုင်ပြီး ခဏကြာ ငေးစိုက်ကြည့်နေခဲ့ပြီးနောက်တွင်မှ ဖုန်းကို လက်ခံလိုက်သည်။

"ဟယ်လို၊ စစ်ယောင်၊ နောက်ကျနေပြီ မအိပ်သေးဘူးလား"

ဖုန်းထဲမှ လိုင်စစ်ယောင်၏ အိပ်ချင်ဝိုးတဝါးအသံ ထွက်ပေါ်လာသည်။

"နင် ငါ့နားမှာ မရှိလို့ အိပ်မပျော်ဘူး ဖြစ်နေတယ်။ ငါ နင့်ကို လွမ်းတယ်၊ နင်ကော ငါ့ကို မလွမ်းဘူးလား"

ရှုလေက ရယ်လိုက်ပြီး

"ငါလည်း နင့်ကို လွမ်းလို့ ဖုန်းဆက်တော့မလို့ပဲ၊ အခု နင်က အရင်

ခေါ်လိုက်တာကိုး"

"တစ်ဖက်လူ စိတ်ကျေနပ်အောင် ပြောတတ်သားပဲနော်"

လိုင်စစ်ယောင်က ထိုသို့ ချွဲချွဲနွဲ့နွဲ့ ပြောလိုက်ပြီးနောက်

"ဟုတ်သားပဲ၊ နင် ဟိုတစ်ယောက်နဲ့ တွေ့ခဲ့ပြီးပြီလား"

"ငါ တွေ့ပြီးပြီ"

ရှုလေ၏ စိတ်ထဲက ထူးခြားသည့် ခံစားချက်မှာ ပို၍ ပြင်းထန်လာသည်။

"အဲဒီလူက မိန်းမတစ်ယောက်များ ဖြစ်နေမလားဆိုပြီး တွေးမိလို့ နင့်ကို စစ်မေးမလို့ ဖုန်းဆက်လိုက်တာ"

"ဟုတ်ပါတယ်၊ မိန်းကလေးပါ"

ရှုလေက ပြောလိုက်သည်။

"ဟင်"

လိုင်စစ်ယောင်က အံ့အားသင့်သွားသည့် ဟန်ဖြင့်

"တကယ်ပဲ မိန်းကလေးလား"

"တစ်မျိုးမတွေးပါနဲ့ သူက..."

"သူက ဘယ်သူလဲ"

"ငါ့အဖေရဲ့ မိတ်ဆွေတစ်ယောက်ပါ"

လိုင်စစ်ယောင်သည် တစ်ခဏကြာ တိတ်ဆိတ်သွားပြီးနောက်တွင်မှ

"နင်ပြောတာ တစ်ခါ ငါကြားဖူးပါတယ်။ နင့်အဖေက ပျောက်သွားတာဆို"

"ဟုတ်တယ်။ အခုထိလည်း ဘာသတင်းမှ မကြားရသေးဘူး"

ရှလေက ပြောလိုက်သည်။

"ဒါဆို နင်တို့နှစ်ယောက် ဘာတွေ ပြောခဲ့ကြတာလဲ"

ရှလေက တစ်ခဏမျှ စဉ်းစားလိုက်ပြီးနောက်

"အရင်တုန်းက အကြောင်းတွေပါ။ ငါ နင့်ကို ပြောပြမယ်။ နင် ဘယ်သူ့မှ ပြန်မပြောပါဘူးလို့ ကတိတော့ ပေးရမယ်နော်။ ကတိပေးလား"

"ဘယ်လိုတွေ ပြောနေတာလဲ။ ငါက နင့်ရဲ့မိန်းကလေးပါ။ နင့်လျှို့ဝှက်ချက်ဆိုတာလည်း ငါ့ရဲ့ လျှို့ဝှက်ချက်ပါပဲ။ ငါက ဘာလို့ တခြားသူကို ပြောပြရမှာလဲ။ စိတ်ချပါ။ နင့်အဖေကိုလည်း ငါတို့တွေ ရှာနိုင်မှာပါ"

"ကောင်းပြီ ဒါဆို ငါပြောပြမယ်"

ရှလေက ပြောသည်။

"အရင်တုန်းက... ငါ့အဖေက သူ အရမ်းကြိုက်တဲ့ 'အနောက်အရပ်သို့ ခရီးသွားခြင်း'ဆိုတဲ့ စာအုပ်ထဲမှာ ဆေးလုံးတစ်လုံးဝှက်ထားခဲ့အကြောင်းကို သူက ငါ့ကို ပြောပြတယ်။ အဲ့ဒီဆေးလုံးက အဖေ ငါ့ကို ပေးဖို့ ထားခဲ့တဲ့ နောက်ဆုံးဆေးလုံးပဲတဲ့။ အဲဒီအကြောင်းကို ငါ့အဖေက သူနဲ့ နောက်ဆုံးအကြိမ် ဆုံတွေ့တုန်းက မှာသွားတာတဲ့"

"ဘာဆေးလဲ၊ ထူးဆန်းလှချည်လား"

လိုင်စစ်ယောင်၏ အသံတွင် သိလိုစိတ်များ ပြင်းပြသည့် အငွေ့အသက်များ ပါဝင်နေသည်။

"နင့်မှာ ရောဂါတစ်ခုခု ရှိနေလို့လား"

"အငယ်တုန်းက ငါ့ခန္ဓာကိုယ်က အရမ်းအားနည်းတယ်။ အဖေကြွေး

တဲ့ ဆေးစားပြီးနောက်မှ ကောင်းလာခဲ့တာ။ ဘာလို့ အဲ့ဒီဆေးတစ်လုံးကို ချန်ထားခဲ့လဲတော့ ငါလည်း မသိဘူး။ ဆေး ထားခဲ့တယ်ဆိုတဲ့အကြောင်း လည်း အခုမှ သိရတာ"

ရှလေက ပြောလိုက်သည်။

"နင် အဲဒီဆေးကို အခု ရှာတွေ့ပြီလား"

လိုင်စစ်ယောင်၏အသံမှာ စိတ်လှုပ်ရှားနေဟန်ရှိသည်။

"တွေ့ပြီ၊ ငါ ဆေးကို စားရမလား၊ မစားရဘူးလားနဲ့ ဝေခွဲမရ ဖြစ်နေလို့။ သူက ဆေးကို စားလိုက်ဖို့တော့ ပြောတယ်။ ဒါပေမဲ့ ငါက ဘာမှမှ မဖြစ်ပဲလေ။ ရောဂါလည်းမရှိဘူး၊ လူကအကောင်းကြီးပဲကို ဘာဖြစ်လို့ ဆေးကို စားရမှာလဲ"

ရှလေက ပြောလိုက်သည်။

"ဟုတ်တယ်၊ နင် ဆေးကို စားစရာအကြောင်းမှ မရှိတာ၊ စားမနေနဲ့"

လိုင်စစ်ယောင်က ပြောသည်။

"ငါ့ကို စောင့်နေပါ။ ငါ အခု နင့်ဆီ လာခဲ့မယ်"

"နင်လာဖို့က ညဥ့်နက်နေပြီ မဟုတ်လား"

"နင် စိတ်မကောင်းဖြစ်နေမယ်ဆိုတာ ငါသိပါတယ်။ နင့်အဖေအကြောင်း တွေးပြီး အရမ်းလည်း စိတ်မကောင်းဖြစ်မနေပါနဲ့။ ငါ နင့်နားလာခဲ့မယ်လေ။ နင့်အဖေကို ရှာတွေ့နိုင်မယ့်အကြောင်းလည်း အတူတူပြောလို့ရတာပေါ့"

လိုင်စစ်ယောင်က ပြောလိုက်သည်။

"အင်းပါ၊ အဲ့ဒါဆိုလည်း လာလေ။ ကားကို ဂရုစိုက်ပြီးမောင်းခဲ့"

ရှလေက ပြန်ပြောလိုက်သည်။

"အချစ်၊ နင်က ငါ့ကို အရမ်းချစ်တာပဲနော်"

လိုင်စစ်ယောင်သည် ထိုသို့ ပျော်ရွှင်သွားသည့်ဟန်ဖြင့် ပြောဆိုခဲ့ပြီးနောက် ဖုန်းချသွားခဲ့သည်။

ရှုလေသည် အိပ်ယာထဲ၌ လဲလျောင်းရင်း မျက်လုံးနှစ်ဖက်၏ ထောင့်များမှ မျက်ရည်ပေါက်များ စီးကျလာခဲ့သည်။

သူသည် မြစ်ကမ်းနံဘေး၌ ယာ့ဗ်ဂန်နီယာ၏ သွေးများ စွန်းပေနေသော သူ၏အဝတ်များကို မီးရှို့နေသည့်တိုင် လိုင်စစ်ယောင်အား ယာ့ဗ်ဂန်နီယာကို သတ်သူဟု လက်မခံခဲ့ပါ။ လုံပိန်က အမေရိကန်လျှို့ဝှက်သူလျှိုအကြောင်း ပြောတုန်းကဆိုလျှင် သူ့စိတ်က ပြင်းပြင်းထန်ထန် ငြင်းဆန်ခဲ့သည်။ သို့သော်၊ ယခုလို ဖုန်းပြောဆိုလိုက်ရပြီးနောက်တွင် သူမအပေါ်ထားသည့် သူ၏ ယုံကြည်မှုများ ပျက်စီးလာပြီး အသဲနှလုံးတစ်လုံး ကျိုးကြေသွားသလို ခံစားလာရသည်။

သူနှင့် ယာ့ဗ်ဂန်နီယာတို့ တွေ့ဆုံမည့်အကြောင်းကို သိရှိသူမှာ လိုင်စစ်ယောင်တစ်ယောက်သာ ရှိသည်။ တွေ့ဆုံမည့်နေရာနှင့် အချိန်ကိုရေးထားသည့် စာရွက်ကိုလည်း သူမတစ်ယောက်သာ တွေ့မြင်ခဲ့သည်။ ယာ့ဗ်ဂန်နီယာ အသတ်ခံခဲ့ရပြီးနောက် သူ အိမ်သို့ ပြန်ရောက်ချိန်တွင် လိုင်စစ်ယောင်ဆီက ဖုန်းဝင်လာသည်။ ယာ့ဗ်ဂန်နီယာနှင့် တွေ့ဆုံသည့်အကြောင်းကို စကားခေါ်၍ ပြောဆိုသည့်အကြောင်းအရာများကို မေးမြန်းလာခဲ့ပြန်သည်။ သူ့အဖေ ချန်ခဲ့သည့် ဆေးတောင့်အကြောင်းကို ပြောပြသည့်အခါ သူမ၏အသံမှာ စိတ်လှုပ်ရှားနေခဲ့ဟန်ရှိသည်။ တစ်ခုစဉ်းစားကြည့်ရသည်မှာ သူမသည် ယာ့ဗ်ဂန်နီယာနှင့် တွေ့ဆုံသည့်အကြောင်းကို အဆုံးထိအောင် ဆက်မမေးတော့ခြင်းပင် ဖြစ်သည်။ ထိုအရာကို ကြည့်ခြင်းအားဖြင့် သူမသည် ယာ့ဗ်ဂန်နီယာ သေဆုံးသွားသည့်အကြောင်းကို သိနှင့်ပြီး

ဖြစ်သည်ဟု ယူဆရနိုင်သည်။

ရှလေသည် မျက်ရည်များကို သုတ်လိုက်သည်။ လွန်ခဲ့သည့် ငါးနှစ်ကျော် အချိန်ကာလများတုန်းက ဘဝပေးအခြေအနေသည် သူ၏စရိုက်ကို မာကျောအောင် လေ့ကျင့်ပေးခဲ့ပြီး ဖြစ်သည်။ ဤကိစ္စကို အဆုံးသတ်ဖို့ ဘယ်လိုဆက်လုပ်သင့်သည်ကို သူ ကောင်းကောင်းသိလိုက်သည်။

ရှလေသည် အခန်းထဲမှ ထွက်လိုက်ပြီး သူ့အဖေ၏ အခန်းထဲက 'အနောက်အရပ်သို့ ခရီးသွားခြင်း'စာအုပ်ကို ယူလိုက်သည်။ သူ့အဖေထားခဲ့သည့် ပုလင်းထဲက ဆေးကိုယူလိုက်ပြီးနောက် ဆေးသတ္တာထဲမှ အမောက်ဆလင်အကိုက်အခဲပျောက်ဆေးကိုလည်း ထုတ်ယူလိုက်သည်။ ပြီးလျှင် အခွံပုံစံ မတူညီသည့် ဆေးတောင့်နှစ်ခုထဲမှ အမှုန့်များအား လဲလှယ်ပစ်လိုက်သည်။ အမောက်ဆလင် ဆေးတောင့်ခွံထဲသို့ သူ့အဖေထားခဲ့သည့် ဆေးတောင့်မှ ဆေးမှုန့်များကို ထည့်လိုက်ပြီး၊ သူ့အဖေထားခဲ့သည့် ဆေးခွံထဲကိုမူ အမောက်ဆလင်ဆေးမှုန့်များ ထည့်လိုက်ခြင်း ဖြစ်သည်။

ပြီးနောက် စာအုပ်ဖုံးကိုလှပ်ပြီး အတွင်းစာရွက်သားကို ဓားဖြင့် သေချာထွင်းကာ ဖြစ်ပေါ်လာသည့် အပေါက်ထဲသို့ အမောက်စလင်ဆေးမှုန့် ထည့်ထားသည့် ဆေးတောင့်ကို ထည့်လိုက်သည်။

ထိုသို့လုပ်ပြီးနောက်တွင် မှန်ရှေ့၌ရပ်ကာ အနက်ရောင် ရှပ်တစ်ထည်ကို သပ်သပ်ရပ်ရပ်ဝတ်ဆင်လိုက်သည်။ ပြီးလျှင် အိပ်ယာထက်၌ ပြန်၍လဲလျောင်းလိုက်ပြီး ပြတင်းပေါက်ကိုဖြတ်၍ ညကောင်းကင်ယံဆီသို့ ငေးကြည့်နေခဲ့သည်။ သူ၏ ခံစားချက်မှာလည်း နက်မှောင်းသော အဆိုပါ ညကောင်းကင်ယံကြီး ကဲ့သို့ပင်၊ အလင်းရောင်ဟူ၍ မရှိတော့ပါချေ။

သိပ်မကြာလိုက်သည့် အချိန်၌ လိုင်စစ်ယောင် ရောက်လာခဲ့သည်။ သူမသည် ယောဂကျင့်သည့် မီးခိုးရောင် ကိုယ်ကြပ်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ထိုဝတ်စုံက သူမ၏ ကောက်ကြောင်းကို ထင်ရှားစေပြီး အလွန်ဆွဲဆောင်မှု ရှိစေသည်။

အခန်းထဲသို့ ဝင်ရောက်လာစဉ်၌ လိုင်စစ်ယောင်၏ အကြည့်သည် အိပ်ယာဘေးတွင် ချထားသော 'အနောက်အရပ်သို့ ခရီးသွားခြင်း'စာအုပ်ဆီသို့ စူးစိုက် ရောက်ရှိနေခဲ့သည်။ သို့သော်လည်း ငါးစက္ကန့်မျှ ကြာပြီးနောက် သူမ၏အကြည့်သည် ရှုလေဆီသို့ ပြန်ရောက်လာခဲ့သည်။

ရှုလေက တည်ငြိမ်အေးဆေးစွာဖြင့်

"ရောက်ပြီလား စစ်ယောင်"

လိုင်စစ်ယောင်သည် ရှုလေ၏ဘေးသို့ ဝင်လိုက်ပြီး ခါးကို သိုင်းဖက်လိုက်သည်။ ပြီးနောက် ချိုသာစွာဖြင့် နှစ်သိမ့်စကားဆိုသည်။

"စိတ်မပူပါနဲ့၊ ဦးလေး ရှိတဲ့နေရာကို ငါတို့ ရှာတွေ့မှာပါ"

"ငါးနှစ်ကျော်နဲ့ ခြောက်လစွန်းစွန်းတောင်ရှိပြီ လေ။ ဒီကြားထဲမှာ ငါနဲ့ ညီမလေးဆီကို တစ်ခေါက်တောင် ပြန်မလာခဲ့ဖူးဘူး။ အခုလို အခြေအနေကြီးမှာ သူ့ကို ဘယ်ကစပြီး ရှာနိုင်မှာလဲ။ မလွယ်လောက်ဘူး မဟုတ်လား"

ရှုလေက ခါးသက်သက်ပြုံးလိုက်ပြီး

"ငါ့ကို နှစ်သိမ့်မနေပါနဲ့။ ငါ အဆင်ပြေပါတယ်။ သူ ထွက်သွားပြီးကတည်းက အရှိကိုအရှိအတိုင်း ငါ လက်ခံလိုက်ပြီးပါပြီ။ သူ ပြန်လာရင်တော့ ကောင်းတာပေါ့၊ ဒါပေမဲ့ ပြန်မလာလည်း ကိစ္စမရှိပါဘူး၊ ဒါကိုလည်း ငါ လက်ခံနိုင်ပါတယ်"

"အဲဒီလို နင့်စိတ်ထဲမှာ လက်ခံနိုင်ရင်တော့ ကောင်းတာပေ့ါ။ ဒါနဲ့ ဒါက နင့်အဖေ ထားခဲ့တဲ့ ဟာလား"

လိုင်စစ်ယောင်သည် 'အနောက်အရပ်သို့ ခရီးသွားခြင်း'စာအုပ်ကို ကောက်ကိုင်လိုက်ပြီး

"ငါ တစ်ချက်လောက် ကြည့်လို့ရမလား"

ရှလေက ခေါင်းညိတ်ပြလိုက်ပြီး

"ရတာပေ့ါ"

လိုင်စစ်ယောင်သည် ဆေးကို ဖြည်းဖြည်းချင်း ထုတ်ယူ၍ လက်ထဲ ထည့်လိုက်သည်။ ထို့နောက် ဆေးတောင့်ကို ကိုင်ကာ သူမ၏လက်ကို မသိမသာ အနည်းငယ်မျှ ခါယမ်းကြည့်လိုက်သည်။

"ငါ ဒါကို စားလိုက်သင့်လား"

လိုင်စစ်ယောင်သည် ရှလေကို မျက်လုံးလှန်၍ ကြည့်လိုက်ပြီး

"နင် မမိုက်မဲစမ်းပါနဲ့။ နေမကောင်းတာလည်း မဟုတ်ပဲနဲ့ ဘာလို့ ဆေးကို စားမှာလဲ။ မစားနဲ့။ နင် နေမကောင်းဖြစ်လည်း ငါ နင့်ကို ဂရုစိုက်ပေးမှာပေ့ါ။ နေမကောင်းဖြစ်တောင် ဒီဆေးကို စားမှ မဟုတ်ပါဘူး။ နင့် စိတ်ထဲမှာ ဒါက အနှောက်အယှက်ဖြစ်နေရင် ငါ ကူပြီး လွှင့်ပစ်ပေးမယ် လေ"

သူမသည် အမှန်တကယ်ပင် ဆေးကို လွှင့်ပစ်ရန် လက်ကို မြှောက်လိုက်သည်။

ရှလေသည် သူမ၏လက်ကို ဆုပ်ကိုင်လိုက်ပြီး

"မပစ်တာပဲ ကောင်းပါတယ်။ ငါ အမှတ်တရအနေနဲ့ ဒီအတိုင်း

ဆက်သိမ်းထားချင်တယ်၊ အဖေ ငါ့အတွက် ချန်ခဲ့တဲ့ ပစ္စည်းဆိုလို့ ဒီတစ်ခုပဲ ရှိတယ်လေ"

"ဟွန်.... ဆေးတစ်လုံးကို အမှတ်တရ သိမ်းထားမလို့လား။ အေးပါ ဒါဆိုလည်း နင့်သဘောပါ"

လိုင်စစ်ယောင်က စာအုပ်ကို ပိတ်လိုက်ပြီးနောက် အိပ်ယာခေါင်းရင်း၌ ပြန်ထားလိုက်သည်။ ထို့နောက် သူမ၏လက်သည် ရှလေ၏ အောက်ပိုင်းကို လျှော့ဆင်းသွားပြီး

"အချစ်၊ ငါ နင့်ကို အရမ်းလွမ်းနေခဲ့တာ...၊ ငါ အခု ဘာလုပ်သင့်လဲဟင်"

သူမက တခစ်ခစ်ပြုံးရယ်လိုက်သည်။

***